Käännös: Keski-Suomen tulkkikeskus

Myanmar (Burma)

# Pienten lasten hoitoon tukea

**ကလေးများကို ကြည့်ရှုစောင့်ရှောက်သည့်အတွက် ရသည့်ထောက်ပံ့ငွေ။**

မိဘများ၏နေ့စဉ်ထောက်ပံ့ငွေခံစားခွင့်ကုန်ဆုံးပြီးသည့်နောက်၊ကလေးများအနေနှင့်ကျောင်းစတက်သည်အထိနေ့ကလေးထိန်းကျောင်း သို့သွားရန်ခံစားခွင့်ရှိသည်။ မိဘများတွင် ရွေးချယ်နိုင်သည့် အခွင့်အရေးရှိသည်။ အခွင့် အရေးဆိုရာတွင် မြို့နယ်ရှိကလေးထိန်းဌာန (သို့)ကဲလာမှထောက်ပံ့သည့်မိမိကလေးကိုအိမ်တွင်စောင့်ရှောက်သည့်အတွက်ရသည့်ထောက်ပံ့ငွေနှင့်ပုဂ္ဂလိက၊ကလေးထိန်းသည့် ဌာန သို့ ပို့သည့်အတွက် ရသည့်ထောက်ပံ့ငွေ တို့ဖြစ်သည်။
နေ့ကလေးထိန်းဌာနများကို မြို့နယ်နှင့်ပုဂ္ဂလိကများအနေနှင့် ဆောင်ရွက်ကြသည်။

- မြို့နယ်ကလေးထိန်းဌာနကို မြို့နယ်မှစီစဉ်ဆောင်ရွက်သည်။
- ပုဂ္ဂလိက ကလေးထိန်းဌာနကို ယေဘုယျအားဖြင့် မြို့နယ်မှကြပ်မတ်သည်။

ပုဂ္ဂလိကနေ့ကလေးထိန်းဌာနသည်နေ့ကလေးထိန်းဌာနအဖြစ်၄င်း၊ (သို့)မိသားစုတဦးဦးအနေနှင့်ဖွင့်လှစ်သည့် မိသားစုကလေးထိန်း သည့်နေရာအနေနှင့်၄င်း ဖြစ်နိုင်သည်။ မိသားစုအနေနှင့် သီးသန့်ကလေးထိန်းကို ဥပမာအား ဖြင့် မိမိတို့၏နေအိမ်သို့လာရောက်ပြီး၊ ကလေးထိန်းပေးရန် လခပေး၍ခန့်ထားနိုင်သည်။ မြို့နယ်အနေနှင့်ပုဂ္ဂလိကကလေးထိန်းခြင်းကိုဆောင်ကြဉ်းပေးသည့်သူများ ထံမှလည်းလုပ်ဆောင်မှုကိုဝယ်ယူနိုင်သည်။၄င်းကိုလုပ်အားဝယ်ယူခြင်းဟုခေါ်ဆိုနိုင်သည်။ဤကဲ့သို့ဝယ်ယူသောအခါ စောင့်ရှောက်ခသည် မြို့နယ်မှထောက်ပံ့ သည့် အတိုင်းအတာသာရရှိပြီး၊ ကဲလာထောက်ပံ့ငွေကို ခံစားခွင့်မရှိပေ။ ပုဂ္ဂလိက ကလေးထိန်းဌာနတခုတည်း၌ လုပ်ငန်းရောင်းချသည့်နေရာများနှင့်တကွ ပုဂ္ဂလိက ကလေးထိန်းနေရာ ၂မျိုးစလုံးရှိနိုင်သည်။

မိဘများအနေနှင့် မြို့နယ်မှစီစဉ်သည့် နေ့ကလေးထိန်းကို မရွေးချယ်ပါက၊ ၄င်းတို့အနေနှင့် ကဲလာမှအထောက် အပံ့ကို ရနိုင်သည်။

- မိသားစုထဲတွင် ၃ နှစ်အောက်ကလေးရှိပါက၊ ကလေးကိုပြုစုစောင့်ရှောက်သည့် ထောက်ပံ့ငွေကိုရပြီး၊
- အကယ်၍မိသားစုထဲရှိ ကျောင်းမတက်ရသေးသည့်ကလေး (၃နှစ်အထက် ၇နှစ်အောက်) အနေနှင့် ပုဂ္ဂလိကနေ့ ကလေးထိန်းလုပ်ငန်းဆောင်ရွက်သည့်နေရာ(ပုဂ္ဂလိကနေ့ကလေးထိန်းဌာန၊မိသားစုနေ့ကလေးထိန်း(သို့မဟုတ်)မိသားစုထံလာရောက် ၍လခဖြင့်ကလေးထိန်းသူ)တွင်ထားပါက၊ကလေးအတွက်ပုဂ္ဂလိကထောက်ပံ့ငွေကိုရရှိသည်။ မိသားစုအနေနှင့်၊အိမ်တွင် စောင့်ရှောက် သည့်အတွက်ရသည့်ထောက်ပံ့ငွေနှင့်ပုဂ္ဂလိကစောင့်ရှောက်ရေးအတွက်ထောက်ပံ့ငွေကိုတပြိုင်တည်းရရှိနိုင်သည်။ သို့သော် ကလေးတ ယောက်အတွက် ထောက်ပံ့ငွေတမျိုးသာ ရရှိနိုင်သည်။

အိမ်တွင်စောင့်ရှောက်သည့်ငွေသည်ကလေးကိုစောင့်ရှောက်သည့်ထောက်ပံ့ငွေတွင်အကျုံးဝင်သည်။၄င်းကိုထောက်ပံ့ငွေခံစားခွင့်ရှိ သည့် ကလေးတိုင်းအတွက် သီးသန့်ထောက်ပံ့သည်။ ၃နှစ်အောက်ကလေးတယောက်အတွက် ယူရို ၂၉၄,၂၈ ရရှိသည်။ ၃နှစ်အောက်ကလေး နောက်ထပ်ရှိနေသေးပါကနောက်ပိုင်းကလေးများအတွက်တယောက်လျှင်ယူရို၉၄,၀၉ရရှိပြီး၊ ကျောင်းမတတက်သေးသည့် (၃နှစ်အထက် ၆နှစ်အထိ)ကလေးတယောက်အတွက်တလလျှင်ယူရို၆၀,၄၆ရရှိသည်။ ထိုမျှသာမကကြည့်ရှုစောင့်ရှောက်ငွေအပေါ် ထပ်ဆောင်း၍ပေး သည့်ငွေတလလျှင်အများဆုံးယူရို၁၆၈,၁၉ကိုပေးနိုင်သေးသည်။ သို့သော်ကလေးတယောက်အတွက်သာရရှိနိုင်သည်။ ၄င်းကိုရရှိရန် နှင့်မည်မျှရရှိရန်ဆိုသည်မှာမိသားစု၏ဝင်ငွေပေါ်မူတည်သည်။

ပုဂ္ဂလိက၊ကလေးထိန်းဌာနသို့ပို့သည့်အတွက်ရသည့်ထောက်ပံ့ငွေမှာကလေးတယောက်အတွက်ယူရို၁၃၇,၃၃ဖြစ်ပြီး၊ မိသားစု၏ဝင်ငွေ ပေါ်မူတည်ပြီး၊ကလေးတယောက်အတွက် ထပ်ဆောင်းသည့်အပိုငွေမှာ တလလျှင် ကလေးတယောက်အတွက် အများဆုံး ယူရို ၁၃၄,၅၅ ဖြစ်သည်။ ပုဂ္ဂလိကစောင့်ရှောက်မှုအတွက်ရသည့်ထောက်ပံ့ငွေကို နေ့ကလေးထိန်း အတွက် ဆောင်ရွက်သူများထံသို့ပေးသော်လည်း မိသားစုအနေနှင့် ၄င်းထောက်ပံ့ငွေ လျှောက်ရသည်။

နေ့ကလေးထိန်းအတွက် ကုန်ကျသည့်ငွေအစိပ်အပိုင်းကို အလုပ်လုပ်နေသည့်မိဘများ (သို့) နိုင်ငံတော်ဝန်ထမ်း မိဘများအနေနှင့် ကလေးကိုစောင့်ရှောက်ရသည့်အတွက် တပတ်လျှင် နာရီပေါင်း ၃၀သာ အများဆုံးအလုပ် လုပ်နိုင်သည့်သူများကို တလလျှင် ယူရို ၇၀ ပေးသည်။ ၄င်းအပြင်မရှိမဖြစ်သောလိုအပ်ချက်တရပ်အနေနှင့်ကလေးသည်၃နှစ်အောက်(သို့)အခြေခံပညာရေးပထမနှင့် ဒုတိယနှစ် ကျောင်းသား (မသင်မနေ သင်ကြားရ သည့်ကျောင်း အသိုင်းအဝိုင်းတွင် ၃တန်းပြီးဆုံးသည်အထိ ကြာရှည်အောင်ပြုလုပ်ထားခြင်း) ဖြစ်ရမည်။ ခံစားခွင့်ရှိသည့်ထောက်ပံ့ငွေကို မိဘများအတွက်ရရှိသည့် ထောက်ပံ့ငွေကာလပြီးဆုံးသည်နှင့်ချက်ခြင်း (သို့) ဖခင်အတွက် ပေးသည့်ထောက်ပံ့ငွေကာလပြီးဆုံးသည့်နေ့မှပထမဆုံးအလုပ်ဆင်းရက်တွင်စတင်လျှောက်ထားနိုင်သည်။ မိဘနှစ်ယောက်စလုံးအနေ နှင့်စောင့်ရှောက်သည့်ငွေကိုအချို့အစိပ်အပိုင်းအနေနှင့်ရရှိနိုင်သည်။ဥပမာအားဖြင့် ပြက္ခဒိန်ကာလ တချိန်တည်းမှာပင် တယောက်သည် မနက်ပိုင်းတွင်ကလေးကိုစောင့်ရှောက်ပြီးအခြားတယောက်အနေနှင့်ညနေပိုင်းတွင်ကလေးကိုစောင့်ရှောက်သည့်အခါမျိုးကို ဆိုလိုသည်။

မွေးစားမိဘများအနေနှင့်လည်းၺင်းတို့၏ ၃နှစ်အထက် (၇နှစ်အောက်)ကလေးအတွက်၊ကလေးကျောင်းစတက်သည်အထိ ထောက်ပံ့ငွေကို ရရှိနိုင်သည်။
၂၀၀၈ခုနှစ်တွင် ကလေးစောင့်ရှောက်မှု ထောက်ပံ့ငွေကို တိုးမပေးပေ။

## Äitiysavustus pakkauksena tai rahana

**မွေးဖွါးသည့် မိခင်များအတွက် ထောက်ပံ့သည့်ပစ္စည်းအထုပ် (သို့) ငွေသားသက်သက်။**

ကိုယ်ဝန်ဆောင်နေသည့်မိခင်အနေနှင့်မွေးဖွါးပြီးသည့်အခါလိုအပ်မည့်ပစ္စည်းများပါဝင်သည့်အထုပ်(သို့)အခွန်လွတ်ကင်းသည့် ငွေသား ယူရို ၁၄၀ ကို ရွေးချယ်နိုင်သည်။ မိသားစုထဲသို့တပြိုင်တည်း၂ယောက်၃ယောက်စသည်ဖြင့်မွေးဖွါးသောအခါ(သို့) မွေးစားသောအခါ မိခင်အတွက်ထောက်ပံ့ငွေကို တိုး၍ပေးသည်။ အခြား တယောက်အတွက် ၂၊ ၃ယောက်မြောက်အတွက် ၃နှင့် ၄ယောက်မြောက်အတွက် ၄ စသည်ဖြင့် အထုပ်နှင့်တကွငွေသား (သို့မဟုတ်) အထုပ်(သို့မဟုတ်) ငွေသားကို ထောက်ပံ့မှုအနေနှင့် ယူနိုင်သည်။ ဥပမာအားဖြင့် အကယ်၍ ကလေး၂ယောက် တပြိုင်တည်းမွေးပါက စုစုပေါင်းအကူ ၃ခုရသည်။ အကယ်၍ တပြိုင်တည်း ၃ယောက်မွေးပါက (သို့)မွေးစားပါက မိသားစုအနေနှင့် ၆ခုရသည်။ မွေးစားမိဘများအနေနှင့်လည်း ကလေးကို အမည်ပေးပြီးသည့်အခါ ထောက်ပံ့မှုကို ရရှိနိုင်သည်။

သတင်းစတင်ထွက်သည့်နေရာ။ ကဲလာစာစောင်အမှတ် ၄/၂၀၀၇